Myanmar Peace Monitor

# Weekly News Review

Issue 129, 1 - 7 November 2023



# မြောက်ပိုင်းခေါ်သံနှင့်
# နွေဦးတော်လှန်ရေး၏ ဟန်ချက်ညီစစ်ဆင်ရေး

# မြောက်ပိုင်းဒေါသံနှင့် နွေဦးတော်လှန်ရေး၏ ဟန်ချက်ညီစစ်ဆင်ရေး

## နိဒါန်း

စစ်အာဏာသိမ်းကာလအစကတည်းက လက်နက်မဲ့ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြသည့် ပြည်သူလူထု၏နွေဦးတော်လှန်ရေးသည် အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်နှိမ်နင်းဖြိုခွင်းမှုများကြောင့် မိမိကိုယ်ကိုခုခံကာကွယ်နိုင်ရေးမှ ရရာလက်နက်စွဲကိုင်တော်လှန်ရေးအထိ အရွေ့အပြောင်းမြန်ဆန်ခဲ့ရသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် "တနိုင်ငံလုံး လှည်းနေလှေအောင်းမြင်းစောင်းမကျန် ခုခံတော်လှန်စစ်" ဆင်နွှဲကြရန် ကြေညာသည်အထိ အာဏာသိမ်းစစ်အုပ်စုအား ဖြုတ်ချနိုင်ရေး ဟစ်ကြွေးခဲ့ကြသည်။

ရာနှင့်ချီသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်အလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)များ၊ ပြည်သူ့လုံခြုံရေးအဖွဲ့(ပလဖ)များ၊ NUG နှင့် လက်အောက်ခံမဟုတ်ဘဲ ဒေသအလိုက် အမည်နာမမျိုးစုံဖြင့် စုဖွဲ့ပေါက်ဖွားလာသည့် ရာနှင့်ချီသော မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF-LDF) များသည် မူလကတည်းက ရှိနှင့်နေပြီးသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ(ERO)များ၏ ထောက်ကူပံ့ပိုးမှုကို လိုအပ်ခဲ့သည်။

မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" [1] သည် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများအတွက် လိုအပ်နေသော ထောက်ကူပံ့ပိုးမှုအပြင် ဦး

1 Operation 1027: Military Dynamics in Northern Myanmar. – Issue 128
https://bit.ly/3uam3fj




ဆောင်လမ်းပြမှု၊ ဦးစီးဆောင်ရွက်မှုတို့ကိုပါ လှစ်ဟပြသနေပြီး စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းချမ်းရေးအတွက် နိုင်ငံတဝှမ်းလုံးရှိ တော်လှန်ရေးအင်အားစုများအားလုံးကိုပါ ဟန်ချက်ညီစစ်ဆင်ရေးများ တပြိုင်နက်လှုပ်ရှားကြရန် ခွန်အားပြန်နိုးဆွပေးနိုင်ခဲ့ပါသည်။

ယခုတစ်ပတ် BNI-Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အောက်တိုဘာ ၂၇ ရက် တွင် စတင်ခဲ့သည့် "၁၀၂၇ စစ်ဆင်ရေး" (ဝ) မြောက်ပိုင်း ခေါ် သံနှင့်အတူ နွေဦးတော်လှန်ရေးအင်အားစုများ၏ ဟန်ချက်ညီစစ်ဆင်ရေးများ အကြောင်းကို ချဉ်းကပ်လေ့လာတင်ပြသွားပါမည်။

## "၁၀၂၇ စစ်ဆင်ရေး" (ဝ) မြောက်ပိုင်းခေါ်သံ

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၉ ရက်၊ "၁၀၂၇ စစ်ဆင်ရေး" (၁၄) ရက်မြောက်နေ့တွင် မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့အနေဖြင့် အာဏာသိမ်းစစ်ကောင်စီ၏ တပ်စခန်း အကြီးအသေးစုစုပေါင်း (၁၂၈) ခုကို အောင်မြင်စွာသိမ်းယူနိုင်ခဲ့ပြီဟု ဆိုပါသည်။[2] ရှမ်းပြည်နယ် ချင်းရွှေဟော်၊ ဖောင်းဆိုင်၊ ကြူကုတ်(ပန်ဆိုင်း)၊ သိန္နီ၊ နမ့်ခမ်း၊ မုံးကိုးနှင့် ကွမ်းလုံ[3]

2 နိုဝင်ဘာလ ၉ ရက်နေ့ မြောက်ပိုင်းညီနောင်မဟာမိတ်အဖွဲ့ ၏ ရှမ်းပြည်တိုက်ပွဲသတင်းများ https://bit.ly/3ub0knp

3 စစ်ရေးသတင်းထုတ်ပြန်ချက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့ https://bit.ly/3MDtsKh

စုစုပေါင်း (၇) မြို့ကို အာဏာသိမ်းစစ်ကောင်စီထံမှ သိမ်းယူနိုင်ခဲ့ပြီး စစ်ကောင်စီတပ်၏ သံချပ်ကာ တင့်ကား (၉) စီးအထိ သိမ်းပိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရပါသည်။[4]

"၁၀၂၇ စစ်ဆင်ရေး"ကို ၂ နှစ်ကြာ သေချာပြင်ဆင်ပြီးမှ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီးကိုးကန့်တပ်ဖွဲ့(MNTJP/MNDAA)၊ တအာင်းတပ်ဖွဲ့ (PSLF/TNLA) နှင့် ရက္ခိုင့်တပ်တော် (ULA/AA) တို့ မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့အပြင်၎င်းတို့နှင့်ဆက်စပ်သည့် မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များ၊ မန္တလေး - ပြည်သူ့ကာကွယ်ရေးတပ်မတော် (MDY-PDF)များ၊နွေဦးတော်လှန်ရေး၏ခုခံတော်လှန်ရေးအင်အားစုများဖြစ်သည့် ဗမာပြည်သူ့လွတ်မြောက်ရေးတပ်တော် (BPLA)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊ ပြည်သူ့လွတ်မြောက်ရေးတပ်တော်(PLA) တို့ ပါဝင်သည်ဟု ဆိုပါသည်။

တအာင်းတပ်ဖွဲ့ (PSLF/TNLA) အထွေထွေ အတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးချုပ်တာဘုန်းကျော်ကတော့ ၎င်းတို့အနေဖြင့် NUG ကာကွယ်ရေးဝန်ကြီးဌာန (MOD)နှင့် နဂိုကတည်းက ပူးပေါင်းဆောင်ရွက်မှုများရှိနေကြောင်း ယခုလို ပြောဆိုထားပါသည်။

"အခုတော်လှန်ရေးမှာလည်း NUGအစိုးရနဲ့ သေချာတိုင်ပင်တယ်။ NUG အောက်မှာရှိတဲ့ MOD တွေရဲ့ CoC အောက်မှာရှိနေတဲ့ တပ်ရင်းတပ်ဖွဲ့တွေလည်း အလုပ်တွေ ပိုင်းလုပ်ကြဖို့၊ အတတ်နိုင်ဆုံး အခုတော်လှန်ရေး 1027 Operation လှိုင်းလုံးထဲမှာ အတူတူအကောင်အထည်ဖော်ကြဖို့ ညှိနှိုင်းဆောင်ရွက်နေပါတယ်။ MOD အောက်မှာရှိနေတဲ့ PDF တွေရော၊ MOD အောက်မှာမရှိသေးတဲ့ မပာတ်သေးတဲ့ PDF တွေရော၊ ကျနော်တို့နဲ့ဆက်စပ်နေတာအကုန်လုံး နိုင်ငံအနှံ့အပြားမှာ ဟန်ချက်ညီညီစစ်ရေးဖော်ဆောင်နေတယ်လို့ ကျနော်တို့ နားလည်ပါတယ်"။ [5]

# နွေဦးတော်လှန်ရေး၏ ဟန်ချက်ညီ စစ်ဆင်ရေး

ညီနောင်မဟာမိတ် (၃) ဖွဲ့နှင့် တညီတညွတ်တည်း လက်တွဲကာ "၁၀၂၇ စစ်ဆင်ရေး" နှင့် ဟန်ချက်ညီစစ်ဆင်ရေးများ ဖော်ဆောင်သွားမည်ဖြစ်ကြောင်း NUG ကာကွယ်ရေးဝန်ကြီးဌာန(MOD)က အောက်တိုဘာ ၂၇ ရက် တွင် ထုတ်ပြန်ခဲ့သည်။

---

4 စစ်ကိုင်းနှင့် ကချင်နယ်စပ်ရှိ စစ်စခန်း ၂ ခုကို စီးနင်းသိမ်းပိုက်ခဲ့ဟု KIA ပြော https://bit.ly/3SA3afQ

5 "အာဏာရှင်တွေအတွက် နေစရာ မြေနေရာ မရှိသင့်တော့ဘူး" - TNLA ဗိုလ်မှူးချုပ် တာဘုန်းကျော် https://bit.ly/3QvJB5M

နိုဝင်ဘာလ ၂ ရက်တွင် ထုတ်ပြန်သော NUG (MOD)၏ အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ စစ်ရေးသတင်းထုတ်ပြန်ချက်တွင်တော့ ၎င်းတို့အနေဖြင့် ဒေသကာကွယ်ရေးတပ်ဖွဲ့များ (LDF)၊ မဟာမိတ်တော်လှန်ရေးအဖွဲ့အစည်းများ(EROs) နှင့် ပူးပေါင်းကာ တနိုင်ငံလုံးတွင် ဟန်ချက်ညီစစ်ဆင်ရေးများ (Coordinated Attacks) များ ဖော်ဆောင်လျက်ရှိသည်ဟု ဆိုပါသည်။ နိုဝင်ဘာ ၇ ရက်တွင်တော့ စစ်ကိုင်းတိုင်း၊ တမူးခရိုင်၊ တမူးမြို့နယ်၊ ခမ်းပတ်မြို့ကို အမှတ် (၁) စစ်ဒေသ၊ တမူးခရိုင်ကွပ်ကဲမှုအစီအစဉ်ဖြင့် ကချင်လွတ်လပ်ရေး တပ်မတော် (KIA)၊ NUG (MOD)၏ ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)နှင့် တော်လှန်ရေးအဖွဲ့များက အပြည့်အဝသိမ်းပိုက်နိုင်ခဲ့သည်။ တော်လှန်ရေးအဖွဲ့များအနက် တမူးခရိုင်တပ်ရင်း (၂)၊ စစ်ဒေသအထူးတပ်ရင်း (၂)၊ အမှတ် (၁) စစ်ဒေသလက်နက်ကြီးအဖွဲ့၊ ရှေ့တန်းကွပ်ကဲရေးအဖွဲ့၊ ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့(CNDF)၊Thadou Defense Army(TDA)၊ Rawn Chinland Defense Force (RCDF) နှင့် ကူကီအမျိုးသား တပ်မတော် (မြန်မာပြည်) (KNA-Burma)တို့ ပူးပေါင်းပါဝင်ကြောင်း သိရသည်။ နိုဝင်ဘာ ၆ ရက်နေ့ကလည်း ခရိုင်မြို့တမြို့ဖြစ်သည့် ကောလင်းမြို့ကို သိမ်းပိုက်နိုင်ခဲ့ပြီး လက်နက်ခဲယမ်းအများအပြား သိမ်းဆည်းရရှိခဲ့ပါသည်။



အမှတ် (၁) စစ်ဒေသသည် C3C ၏ အစီအစဉ်ဖြင့် KIA စစ်ဦးစီးချုပ်က စစ်ဒေသမှူး အဖြစ်လည်းကောင်း၊ KIA အရာရှိများက ခရိုင်ကွပ်ကဲရေးမှူးများအဖြစ် လည်းကောင်း တာဝန်ယူလျက် PDF တပ်ရင်းများနှင့် ပကဖအဖွဲ့များကို အနီးကပ်ကွပ်ကဲမှု ရယူထား

သောစစ်ဒေသဖြစ်သည်။[6] အမှတ်(၁)စစ်ဒေသတွင် ကချင်၊ စစ်ကိုင်း၊ ချင်း၊ ရှမ်း(မြောက်)၊ မကွေးနှင့် မန္တလေးတို့ပါဝင်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို အခြေပြုထားပါသည်။ (စကားချပ် - NUG ကာကွယ်ရေးဝန်ကြီးဌာနနှင့် မဟာမိတ် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (EROs) (၄)ဖွဲ့ပူးပေါင်းကာ "ဗဟိုကွပ်ကဲရေး နှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ" (Central Command and Coordination Committee – C3C) ကို ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း ဖွဲ့စည်းခဲ့သည်။) [7]

၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၉ ရက်၊ နံနက်ပိုင်းတွင်တော့ စစ်ကိုင်းတိုင်းဟုမ္မလင်းမြို့နယ် ဘက်ခြမ်းရှိ စစ်ကောင်စီတပ်နှင့် ရှမ်းနီအမျိုးသားတပ်မတော် (SNA) တို့ ပူးပေါင်းနေထိုင်ရာ တပ်စခန်း (၃)ခုကို KIA နှင့် PDF ပူးပေါင်းတပ်များက တိုက်ခိုက်သိမ်းပိုက်ခဲ့သည်ဟု ဆိုပါသည်။ အဆိုပါတပ်စခန်းများသည် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် သံယောဇဉ်ကုန်း (ဒေသအခေါ်)ကားလမ်းမပေါ်ရှိ SNA ၏ တပ်စခန်း နေရာဖြစ်ပြီး စခန်းတခုနှင့်တခုအကြား မီတာ ၃၀၀ ခန့်သာ ကွာဝေးသည်ဟု ဆိုပါသည်။ [8]




ကရင်နီပြည်(ကယား)အတွင်းရှိ ခုခံတော်လှန်ရေးအင်အားစုများဖြစ်သည့် ကရင်နီတပ်မတော် (KA)၊ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး-ကလလတ (KNPLF)၊ KNDF နှင့် PDF တို့ပါဝင်သော ကရင်နီတပ်ပေါင်းစုကလည်း ရှမ်းမြောက်ပိုင်းမှ "၁၀၂၇ စစ်ဆင်ရေး"ကို ကြိုဆိုကြောင်း ပြသသည့်အနေဖြင့် "1107 Operation" ဟု အမည်ပေးကာ ထိုင်း-မြန်မာနယ်စပ် မယ်စဲ့မြို့နယ် အတွင်းရှိ ပန်တိန်းရွာအခြေစိုက် စစ်ကောင်စီတပ်စခန်းကို နိုဝင်ဘာ ၇ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

"တစ်နိုင်ငံလုံးမှာရှိတဲ့ လက်နက်ကိုင်အင်အားစုတွေအားလုံးနဲ့ ဟန်ချက်ညီညီဖြစ်ဖို့ အတွက် ကျွန်တော်တို့ 1107 Operation ကို နာမည်ပေးပြီး စတင်လိုက်တာ ဖြစ်တယ်" ဟု KNPLF ပြောရေးဆိုခွင့်ရှိသူ ရဲဘော်လောရင်းစိုးက ပြောဆိုထားသည်။ [9]

---

6 စစ်ရေးသတင်းထုတ်ပြန်ချက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၇) ရက်နေ့ https://bit.ly/40MxciJ

7 "All Roads to Nay Pyi Taw" or A Study of Southern Military Regional Command. – Issue 111 https://bit.ly/3FSOwbT

8 ဟုမ္မလင်းနယ်က စစ်ကောင်စီရဲ့ အရေးပါတဲ့ ရှမ်းနီ SNA တပ်စခန်း ၃ ခုကို KIA သိမ်းပိုက် https://bit.ly/46Xfzih

9 ကရင်နီတော်လှန်ရေးအင်အားစု ၁၁၀၇ စစ်ဆင်ရေး ပြုလုပ် https://bit.ly/3sqR4uU

## စစ်အုပ်စု အခက်

အာဏာသိမ်းစစ်အုပ်စု၏ နိုဝင်ဘာလ ၈ ရက်၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ (ကာ/လုံ) အစည်းအဝေးတွင်တော့ မြောက်ပိုင်းညီနောင်မဟာမိတ် (၃) ဖွဲ့၏ "၁၀၂၇ စစ်ဆင်ရေး" အကြောင်း အဓိကပြောဆိုဆွေးနွေးခဲ့ကြသည်ကိုတွေ့ရသည်။ အာဏာသိမ်းစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ပြောဆိုချက်များကို လေ့လာကြည့်ပါက ချင်းရွှေဟော်တိုက်ခိုက်ခံရခြင်းကိစ္စ၊ ကွမ်းလုံတိုက်ခိုက်ခံရခြင်းကိစ္စ၊ နောင်ချိုအနီး မန္တလေး-လားရှိုးဆက်သွယ်ရေးလမ်းကြောင်း ပိတ်ဆို့တိုက်ခိုက်ခံရခြင်းကိစ္စ စသည့် "၁၀၂၇ စစ်ဆင်ရေး" ဆက်စပ်ဖြစ်စဉ်များတွင် ကိုးကန့်တပ်ဖွဲ့ (MNDAA)၊ တအာင်းတပ်ဖွဲ့(TNLA)၊ ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ရက္ခိုင့်တပ်တော်(AA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) များ ပါဝင်သည်ဟု ဝန်ခံထားပါသည်။

ထို့အပြင် MNDAA အနေဖြင့် ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP/UWSA) ထိန်းချုပ်ရာ ဝနယ်မြေအတွင်း စစ်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ကြောင်းအာဏာသိမ်းစစ်ခေါင်းဆောင်ကပြောဆိုခဲ့ပါသည်။ သို့သော် "၁၀၂၇ စစ်ဆင်ရေး" နှင့်အတူ နိုင်ငံတဝှမ်းလုံးရှိ ခုခံတော်လှန်ရေးအင်အားစုများ၏ ဟန်ချက်ညီစစ်ဆင်ရေး လှုပ်ရှားမှုများကိုမူ အဆိုပါအစည်းအဝေးတွင် အာဏာသိမ်းစစ်ခေါင်းဆောင်က ပြောဆိုခဲ့ခြင်းမရှိခဲ့ပါ။ အာဏာသိမ်းစစ်အုပ်စုကခေါ်ယူသည့် ကာ/လုံအစည်းအဝေးတွင်မှ တွေ့မြင်ရသော ယာယီသမ္မတခေါ် စစ်ဗိုလ်ချုပ်ဟောင်းဦးမြင့်ဆွေကမူ လက်ရှိဖြစ်ပွားနေသည့် နယ်စပ်ကိစ္စပတ်သက်ပြီး မဖြေရှင်းနိုင်ပါက တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ကွဲသွားနိုင်သည်ဟု သတိပေးခဲ့ပါသည်။

ဆိုရသော် အာဏာသိမ်းစစ်ခေါင်းဆောင်သည် ၎င်းကိုယ်တိုင် ရုပ်ပြအဆင့်သာထားရှိသည့် ကာ/လုံအစည်းအဝေးတွင်ပင် နိုင်ငံအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ဖုံးဖိထားလိုဟန်ရှိပါသည်။ လေကြောင်းတိုက်ခိုက်ရေးနှင့် အဝေးမှလက်နက်ကြီးပစ်ခတ်မှုကိုသာ အဓိကအားပြုနေပြီဖြစ်သည့် ၎င်းတို့၏ စစ်အင်အား ချိနဲ့နေခြင်းကို ဖာထေးနိုင်ရေးအတွက် "ပြန်လည်ထိန်းချုပ်နိုင်ပြီ" ဖြစ်ကြောင်း ကာ/လုံအစည်းအဝေးတွင် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးက လိမ်ညာပြောဆိုခဲ့ပါသည်။ ထို့ပြင် လိုအပ်သည့်တုံ့ပြန်မှုများကို ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ကြုံးဝါးခဲ့သည်။

## သုံးသပ်တင်ပြချက်

မြောက်ပိုင်းညီနောင်မဟာမိတ် (၃)ဖွဲ့ ၏ "၁၀၂၇စစ်ဆင်ရေး"(ဝါ)မြောက်ပိုင်းခေါ်သံနှင့်အတူ NUG အပါအဝင် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်ရေးအင်အားစုများသည်

“ ရာနှင့်ချီသော တပ်စခန်း၊ ရဲစခန်းများကို အချိန်တိုအတွင်း သိမ်းယူခံရသကဲ့သို့ စစ်ကောင်စီတပ်သား အများအပြားသည်လည်း လက်နက်ချခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများ နေ့စဉ်တွေ့ရှိနေရပြီ ဖြစ်သည်။ ”

၎င်းတို့၏ နယ်မြေဒေသအလိုက် ဟန်ချက်ညီစစ်ဆင်ရေးများကို အရှိန်အဟုန်မြှင့်တင်ရန် ပြင်ဆင်ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၃ ခုနှစ်အား နွေဦးတော်လှန်ရေး၏ အဆုံးအဖြတ်နှစ်အဖြစ် ပိုင်းဖြတ်ကြွေးကျော်ထားသည့်အတိုင်း ကချင်လွတ်လပ်ရေးတပ်မတော်(KIA) ၊ ကရင်နီတပ်မတော်(KA)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ချင်းအမျိုးသားတပ်ဦး (CNF) တို့ဖြစ်သော (K3C)နှင့် NUG အကြားဖွဲ့စည်းထားသည့် C3C ၏ စစ်ဒေသအလိုက် စစ်ရေးလှုပ်ရှားမှုများ စခန်းသိမ်း၊ မြို့သိမ်းစစ်ရေးဖော်ဆောင်မှုများသည် မြင်တွေ့လာရပြီ ဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ နိုဝင်ဘာလ ၉ ရက်အထိ “၁၀၂၇ စစ်ဆင်ရေး” အတွင်း မြို့ (၇)မြို့နှင့် C3C အစီအစဉ်ဖြင့် ဟန်ချက်ညီစစ်ရေးဖော်ဆောင်နေသော အမှတ်(၁)စစ်ဒေသအတွင်း မြို့ (၂) မြို့ စုစုပေါင်း မြို့ (၉)မြို့ကို အာဏာသိမ်းစစ်အုပ်စု အနေဖြင့် လက်လွှတ်ဆုံးရှုံးထားရပြီဖြစ်သည်။ ရာနှင့်ချီသော တပ်စခန်း၊ ရဲစခန်းများကို အချိန်တိုအတွင်း သိမ်းယူခံရသကဲ့သို့ စစ်ကောင်စီတပ်သား အများအပြားသည်လည်း လက်နက်ချခြင်း၊ ဖမ်းဆီးခံရခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများ နေ့စဉ်တွေ့ရှိနေရပြီဖြစ်သည်။ စစ်ရေးအကဲခတ်သူများကမူ “၁၀၂၇ စစ်ဆင်ရေး” အတွင်း သိမ်းပိုက်ရရှိခဲ့သည့် အာဏာသိမ်းစစ်အုပ်စု၏ စစ်လက်နက်ပစ္စည်းများသာ စစ်လက်နက်ပစ္စည်းလိုအပ်လျက်ရှိသော နွေဦးတော်လှန်ရေးအင်အားစုများထံ ဖြန့်ဝေနိုင်ပါက နွေဦးတော်လှန်ရေး၏ အောင်မြင်မှုသည် (၇၀) ရာခိုင်နှုန်းသေချာသည်ဟု တွက်ဆကြပါသည်။

စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းနေသည့် နွေဦးတော်လှန်ရေးအရွေ့အပြောင်း၊ တနည်းအားဖြင့် အနိုင်အရှုံးသည် အိမ်နီးချင်းတရုတ်နိုင်ငံအပါအဝင် ပြည်တွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တိုင်းကလည်း စောင့်ကြည့်နေကြဆဲဖြစ်သည်။ ထိုအတွက် တွေ့ဆုံညှိနှိုင်းရေး၊ နစ်ဖက်အပစ်ရပ်ရေးကိုသာ ဟန်မပျက် ပြောဆိုတိုက်တွန်းလျက် ရှိသည်ကို တွေ့ရပါသည်။

အင်အားချိနဲ့ခြင်း၊ စိတ်ဓာတ်ပျက်ပြားခြင်းတို့ကို တပြိုင်နက် ရင်ဆိုင်ကြုံတွေ့နေရပြီး လက်နက်ကြီးနှင့် လေကြောင်းပစ်ကူတိုက်ခိုက်မှုကိုသာ အားကိုးအားထားပြုနေရသည့် အာဏာသိမ်းစစ်အုပ်စုအတွက် မြောက်ပိုင်းခေါ် သံနှင့်အတူ နွေဦးတော်လှန်ရေးအင်အားစုများ၏ နိုင်ငံတဝှမ်းလုံး ဟန်ချက်ညီစစ်ဆင်ရေးသည် များစွာ အခက်တွေ့၊ အကြပ်ရိုက်စေမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# Weekly Highlight Quotes



ကျနော်တို့ လီဆူလူမျိုးအတွက် သတင်းဆိုးတစ်ခု ဟုတ်တယ်၊ လီဆူလူမျိုးတွေကို တနေရာရာမှာ ထိုးကျွေးဖို့ ပြင်ဆင်ထားတာ၊ ဥပမာ–သူတစ်ယောက်ထဲ သေရမှာကို မသေရဲလို့ သူနဲ့အတူလာပြီး အသေခံဖို့ အဲ့လိုဆွဲသွင်းတာလို့ပဲ မြင်တယ်။ အဲ့ဒီဟာကို သူတို့ကြေညာသလောက်တော့ သူတို့လုပ်လို့ မရဘူး။ သူတို့ ဝိုင်းမော်က စမယ်၊ အထူးသဖြင့် မြစ်ကြီးနားတို့မှာပေါ့၊ သူတို့ဝေးတဲ့နေရာတွေတော့ မရဘူး၊ သေချာတာတော့လုပ်မယ် စစ်တပ်နဲ့တွဲပြီး အတင်းအဓမ္မလုပ်မှာလို့ မြင်တယ်၊ ဒါတော့ သူတို့ လွန်လွန်းတယ်လို့ မြင်တယ်။ ဒူးလေးပါတီအင်အားနဲ့တော့ ကချင်ပြည်နယ် တစ်ခုလုံးကိုတော့ ဘာမှ လုပ်လို့မရဘူး”


လီဆူအနုပညာရှင် ယော်တီဖာ

*“BNI-MPM’s Website တွင် ဖော်ပြထားသည့်*
*“သတ်မှတ်ချိန်အတွင်း အမည်စာရင်းလာမပေးရင် နေအိမ်အထိ တပ်သားစုဆောင်းသွားမယ်လို့*
*ပြည်သူ့စစ်ခေါင်းဆောင် ပြော” သတင်းမှ ကောက်နှုတ်သည်)*

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ နိုဝင်ဘာလ ၁ ရက်မှ၇ ရက် တပတ်တာအတွင်းအာဏာသိမ်းစစ်ကောင်စီတပ်နှင့်မြို့ပြဒေသအလိုက် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၃ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက စစ်ကိုင်းတိုင်းသည် တိုက်ပွဲ ဖြစ်ပွားမှု ရက်ပေါင်း ၁၂ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့် အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။












## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
၁-၇ နိုဝင်ဘာ ၂၀၂၃

| | | |
|---|---|---|
| ၆၂ | ၂၁ | ၂၁ |
| စစ်ကောင်စီတပ်သားသေဆုံးမှု | ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု | အရပ်သားသေဆုံးမှု |




## ၇၇၅၀၀ စစ်ဘေးရှောင်အရေအတွက် (၁-၇ နိုဝင်ဘာ ၂၀၂၃)







# စစ်ကိုင်း


ကောလင်း၊ ချောင်းဦး၊ ကျွန်းလှ၊တမူး၊ ပင်လယ်ဘူးနှင့်ကနီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၄ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁၇ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မုံရွာ၊ ပုလဲ နှင့် ကောလင်း မြို့နယ်များမှ ဒေသခံ ပြည်သူ ၇၅၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။






# မကွေးတိုင်း

နိုဝင်ဘာလ ၃ ရက်နေ့က ဂန့်ဂေါမြို့နယ်၊ မင်းရွာရဲစခန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ပူးပေါင်း တပ်ဖွဲ့များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၂၀ ဦးခန့် သေဆုံးခဲ့ပါသည်။[1] ထို့အပြင် ဆောမြို့မှာ နိုဝင်ဘာလ ၇ ရက်နေ့က CDF ကန်ပက်လက်အဖွဲ့ တူမီးတပ်ရင်း ဒုတပ်ရင်းမှူးဆလိုင်းလှေမန်နှင့် ဖခင်ဖြစ်သူ ခရစ်ယာန်ဓမ္မဆရာ ဦးမန်ကွီးဆိုသူကို စစ်ကောင်စီတပ်ဖွဲ့များက ပစ်သတ်ခဲ့သည်။ [2]





1 မင်းရွာရဲစခန်းကို ABSDF နဲ့ ပူးပေါင်းအဖွဲ့ သိမ်းပိုက်စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦးအရှင်ဖမ်းဆီးရမိ https://bit.ly/40puFKS

2 ဆောမြို့မှာ CDF ကန်ပက်လက် ဒုတပ်ရင်းမှူးနဲ့ ဖခင်ဖြစ်သူ ပစ်သတ်ခံရ https://bit.ly/465cXxx




# ပဲခူးတိုင်း

နိုဝင်ဘာလ ၄ ရက်နေ့က စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဖြူးမြို့နယ်၊ လေးအိမ်စုရွာမှာ အသက်ခုနစ်နှစ်အရွယ် မနွေးနွေးအောင်သေဆုံးခဲ့ပြီး အသက် ၁၄ နှစ်အရွယ် မအေးအေးအောင်နှင့် အသက် ၅၁ နှစ်အရွယ် ဒေါ်လွင်မော်တို့ ဒဏ်ရာရခဲ့သည်။[3] အလားတူ နိုဝင်ဘာလ ၇ ရက်နေ့က ဝေါမြို့နယ်၊တနော်ကျွန်းရွာ လှေဆိပ်မှာ လက်နက်ကြီးကျည်ကျရောက်ပေါက်ကွဲခဲ့တာကြောင့်ခရီးသွားပြည်သူ လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့သည်။ [4]





3 ဖြူးမြို့နယ် လေးအိမ်စုရွာမှာ လက်နက်ကြီးကြောင့် ကလေးငယ်တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ https://bit.ly/3Qudcwx

4 ဝေါမြို့နယ်မှာ လက်နက်ကြီးကြောင့် ဒေသခံ လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ https://bit.ly/49w8l6o





# ရှမ်း (သျှမ်း) ပြည်နယ်

ကွမ်းလုံ၊ လားရှိုးနှင့် ကိုးကန့်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ရက္ခိုင့်တပ်တော် (AA)၊ ကိုးကန့် (MNDAA) နှင့် တအာင်းအမျိုးသားလွတ်မြောက်ရေး တပ်မတော်(TNLA)တပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် နမ့်ခမ်းနှင့်နောင်ချိုမြို့နယ်များမှ ဒေသခံပြည်သူ ၂၅၀၀ ကျော် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင်နေရသည်။ ထို့အပြင် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် လားရှိုး၊ ကွတ်ခိုင်၊ မူဆယ်၊ ကိုးကန့်နှင့် သိန္နီ မြို့နယ်များမှ ပြည်သူ ၁၄ ဦး သေဆုံးခဲ့သည်။



မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်







# ကချင်


နိုဝင်ဘာလ ၁ ရက်နေ့က ဖားကန့်ဘက်ကို စစ်ကြောင်းထိုးဝင်ရောက်လာသည့် စစ်ကောင်စီတပ်ဖွဲ့ကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA) က ဘွမ်ရာယန်ကျေးရွာအနီးတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ [5]

5 ဖားကန့်မှာ စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ် ပိတ်ဆို့တိုက်ခိုက်ခံရ https://bit.ly/3FGnK6L





# မွန်

နိုဝင်ဘာလ ၇ရက်နေ့က ကျိုက်ထိုမြို့နယ် ရန်ကုန်–မော်လမြိုင်လမ်းမဘေးရှိ အင်္ဂပို ကျေးရွာအနီးတွင် စစ်ယာဉ်တန်းအတွက် လုံခြုံရေးယူပေးနေသည့် စစ်ကောင်စီတပ်များကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ကျိုက်ထိုတော်လှန်ရေးအင်အားစု (KRF) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၅ ဦး သေဆုံးခဲ့သည်။ [6] ထို့အပြင် နိုဝင်ဘာလ ၄ ရက်နေ့က ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာ၊ရန်ကုန်-မော်လမြိုင်ကားလမ်းဘေးရှိအရက်ဆိုင်မှာ စစ်ကောင်စီရဲတပ်သား ဇော်နိုင်ဝင်းဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [7]





6 စစ်ယာဉ်တန်းအတွက် လုံခြုံရေးယူပေးသည့် စစ်ကောင်စီတပ် တိုက်ခိုက်ခံရ၍ ၅ ဦးသေဆုံး https://bit.ly/47a9vD9

7 ဘီးလင်းမှာ ရဲတပ်သားတစ်ဦး ပစ်သတ်ခံရ https://bit.ly/3u3gIGB





# ကရင်

နိုဝင်ဘာလ ၂ ရက်နေ့က ကြာအင်းဆိပ်ကြီးမြို့ပေါ်ရှိ စစ်ကောင်စီတပ်များ တပ်စွဲထားသည့် ရဲစခန်းနှင့် အုပ်ချုပ်ရေးရုံး နေရာများကို ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၂ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံးခဲ့သည်။ [8]





8 ကြာအင်းဆိပ်ကြီးမြို့ ဝင်ရောက်စီးနင်းသည့် တိုက်ပွဲတွင် နှစ်ဖက်ထိခိုက်ကျဆုံးမှုရှိ https://bit.ly/40oA7O9




# ချင်း


နိုဝင်ဘာလ ၄ ရက်နေ့က ပလက်ဝမြို့နယ်၊ ဆမီးမြို့အဝင် တောင်ကုန်းရှိ စစ်ကောင်စီတပ်၏ကင်းစခန်းကို ချင်းအမျိုးသား တပ်မတော်(CNA)က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်မှ ၄ ဦးသေဆုံးခဲ့သည်။ [9] ထို့အပြင် အောက်တိုဘာလ ၂၄ ရက်နေ့က မင်းတပ်မြို့ပေါ်တွင် စစ်ကောင်စီတပ်က အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးကို အကြောင်းမဲ့ဖမ်းဆီးခဲ့ရာမှ အမျိုးသားတစ်ဦးမှာသေဆုံးသွားခဲ့ပြီး အမျိုးသမီးကို ပြန်လွှတ်ပေးသည်ဟု မင်းတပ်မြို့နယ် ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့ မှ နိုဝင်ဘာလ ၂ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ [10] နိုဝင်ဘာလ ၇ ရက်နေ့က တီးတိန်မြို့နယ်၊ လွယ်ဘွားလ် (Lawi Bual) ရပ်ကွက်၊ အထက (၂) လမ်းခွဲအနီး ကားတစ်စီးပေါ်မှာ မိုင်းမတော်တဆပေါက်ကွဲခဲ့ပြီး ဒေသကာကွယ်ရေး တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့သည်။ [11]




9 ပလက်ဝမြို့နယ်မှ စစ်ကောင်စီတပ်စခန်းကိုတိုက်ခိုက်မှု သေနတ် ၃ လက် သိမ်းဆည်းရမိဟု CNA ပြော https://bit.ly/3SuuNa4


10 စစ်ကောင်စီတပ်က မင်းတပ်မှာ အရပ်သားပြည်သူ ၃ ဦးကို ဖမ်းဆီးခဲ့ရာမှာ တစ်ဦးသေဆုံး https://bit.ly/3SyO1LJ

11 တီးတိန်မြို့မှာ ကားတစ်စီးပေါ် မိုင်းပေါက်ကွဲပြီး ကာကွယ်ရေး တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံ; https://bit.ly/3QxePtb




# ကယား

မယ်စဲ့နှင့် ဒီးမော့ဆိုမြို့နယ်များတွင်စစ်ကောင်စီတပ်နှင့်ကရင်နီတပ်မတော်(KA)၊ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့ လွတ်မြောက်ရေးတပ်ဦး (KNPLF)၊ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF)၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၆ ဦး သေဆုံးခဲ့သည်။






မြန်မာနိုင်ငံ၊ လောက်ကိုင်မြို့က တရုတ်နိုင်ငံသားပိုင် အွန်လိုင်းလောင်းကစား လုပ်ငန်းများတွင် ဖမ်းမိထားသော ထိုင်းနိုင်ငံသား ၁၆၂ ယောက်ကို မြန်မာအာဏာပိုင် တွေက ကယ်ထုတ်ခဲ့ပြီး နေရပ်ပြန်လည်ခေါ်ဆောင်ရေးအတွက် ထိုင်းဒုတိယရဲချုပ် Pol Gen Surachate ဟာ နိုဝင်ဘာ ၆ ရက်နေ့တွင် မြန်မာနိုင်ငံကို သွားရောက်ခဲ့သည်။ ထိုထိုင်းနိုင်ငံသားတွေကို ရှမ်းပြည်မြောက်ပိုင်းမှတဆင့် တရုတ်နိုင်ငံကူမင်းမြို့ကို အရင်ပို့ ပေးမှာဖြစ်ပြီး ကူမင်းမှတဆင့် ထိုင်းနိုင်ငံထဲကို လေယာဉ်နဲ့ပြန်လည်ပို့ဆောင်မည်ဟု ထိုင်းဒုရဲချုပ်က ပြောဆိုခဲ့သည်။ [1]

တရုတ်-မြန်မာနယ်စပ်ဒေသအပါအဝင် ရှမ်းပြည်နယ်မြို့နယ်တချို့မှာ ညီနောင် မဟာမိတ်သုံးဖွဲ့နှင့် စစ်ကောင်စီတို့ တိုက်ပွဲများဖြစ်နေပြီး နယ်စပ်တည်ငြိမ်ရေး ပူးပေါင်း ဆောင်ရွက်ဖို့နှင့် တရုတ်နယ်စပ်မှာနေထိုင်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုရှိ ရေး အာမခံဖို့ကို တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Nong Rong က နေပြည်တော် ကိုရောက်လာပြီး စစ်ကောင်စီကို တိုက်တွန်းခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဌာနက သတင်းထုတ်ပြန်သည်။ တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏မြန်မာနိုင်ငံခရီးစဉ် အတွင်း စစ်ကောင်စီနိုင်ငံခြားရေးဝန်ကြီးဦးသန်းဆွေနှင့် လက်ထောက်နိုင်ငံခြားရေး

1 https://www.rfa.org/burmese/news/thai-citizen-myanmar-onlinescam-11052023161149.html

“

**တရုတ်နိုင်ငံသားများအကြား သေဆုံးထိခိုက်မှုရှိသည့်အတွက် တရုတ်နိုင်ငံအနေနဲ့ အလွန်စိုးရိမ်ပူပန်ကြောင်း ...**

”

ဝန်ကြီး ဦးလွင်ဦးတို့ကို သီးခြားစီတွေ့ဆုံခဲ့ကြောင်းနှင့် ထိုဆွေးနွေးပွဲတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေသော စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရန်နှင့် ခေတ်သစ်ပိုးလမ်းမစီမံကိန်းများကို အရှိန်မြှင့်ဆောင်ရွက်ရေးကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ [2]

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်ကောင်စီတပ်နှင့် ညီနောင်မဟာမိတ်တပ်ဖွဲ့တွေအကြား ပြင်းထန်သော တိုက်ပွဲများဖြစ်ပွားခဲ့ပြီး လေကြောင်းတိုက်ခိုက်မှုများကြောင့် ပြည်တွင်းစစ်ဘေးရှောင်ဦးရေ ၃ သောင်းကျော်ထပ်တိုးလာပြီး သေဆုံးဒဏ်ရာရသူများလည်း များပြားလျက်ရှိခြင်းကြောင့် ပြည်သူများကိုအကာအကွယ်ပေးသင့်ကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အတားအဆီးမရှိ ဝင်ရောက်ခွင့်ပေးသင့်ကြောင်း ကုလသမ္မဂအထွေထွေအတွင်းရေးမှူး Antonio Guterres က ပြောကြားထားပါသည်။ [3]

မြန်မာနိုင်ငံမြောက်ပိုင်း ပဋိပက္ခတွေကြောင့် တရုတ်နိုင်ငံသားများအကြား သေဆုံးထိခိုက်မှုရှိသည့်အတွက် တရုတ်နိုင်ငံအနေနဲ့ အလွန်စိုးရိမ်ပူပန်ကြောင်းနှင့်လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်ဖြစ်ပွားခြင်းကို အပြင်းအထန် ပြစ်တင်ဝေဖန်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ ဝန်ဝင်ပင်းက ပြောကြားခဲ့ကြောင်း ပေကျင်းအခြေစိုက် Global Times သတင်းက ဖော်ပြထားပါသည်။ [4]

---

2 https://www.rfa.org/burmese/news/china-myanmar-boder-security-11062023152304.html

3 t.ly/lnGxO

4 https://www.mizzimaburmese.com/article/135317

## မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။